ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ နှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ရွှေဟင်္သာကျေးရွာ ၊ပင်းမူကျေးရွာအုပ်စု

၂၀၁၆ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ ........ 2

၂။ပင်းမူအုပ်စုမြေပုံ ........ 3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ ........ 4

၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ........ 8

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ ........ 10

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 33

၈။ ကော်မတီဝင်များစာရင်း ........ 38

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် ........ 39

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား ........ 41

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ........ 43

၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ........ 47

၁၃။ ပုံစံ စ-၁၂။ အစည်းအဝေးတက်ရောက်သူစာရင်း ........ 50

၁၄။ အစည်းအဝေး မှတ်တမ်းများ ........ 54

၁၅။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း ........ 58

၁၆။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........ 59

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



## ၂။ပင်းမူအုပ်စုမြေပုံ

### ပင်းမူကျေးရွာအုပ်စု




**ရည်ညွှန်းချက်**

- ကျေးရွာအုပ်စု ○
- ကျေးရွာ ●
- ချောင်း
- ကားလမ်း
- အုပ်စုနယ်နိမိတ် – – – –
- မြို့နယ်နိမိတ် —·—·—·

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

ပင်းမူကျေးရွာ၊ရွှေဟသ်ာကျေးရွာ၊နောင်ကန်ကျေးရွာတို့ဖြစ်ကြပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရွှေဟသ်ာကျေးရွာသည်ပင်းမူကျေးရွာအုပ်စုတွင်ပါဂင်ပါသည်။ ရွှေဟသ်ာကျေးရွာတွင် ယောလူမျိုးများ စတင်ဂင်ရောက်နေထိုင်ခဲ့ကြပါသည်။ ထို့နောက် ကသည်းစစ်သည် များလည်းဂင်ရောက်၍ ပြည်နယ်ကြီးတစ်ခု တည်ထောင်ရန် ပြည်ကြီးကသည်းကို အဓိကစိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ဒုတိယအနေဖြင့် ကသည်းငှက်ပျောကိုသာစိုက်ပျိုးခဲ့ကြပါသည်။ ထိုအချိန်တွင် ညောင်ပင်သာနှင့် ဂက်ကုန်းဟူ၍ ရွာနှစ်ရွာသာရှိသည်။ ညောင်ပင်သာရွာတွင် အင်မတန်ကြီးမားသော ညောင်ပင်ကြီးနှစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးအောက်တွင် မြွေဆိုးကြီးများ နေထိုင်လေ့ရှိကြသည်။ ရှေးအခါက အလောင်းမင်းတရားကြီး၏စစ်သည်များသည် ထိုညောင်ပင်ကြီးအောင်တွင် စစ်စခန်းချနားစဉ်မြွေများထွက်လာသည့်အတွက် ကုန်းမြင့်ပေါ်သို့ တိမ်းရှောင်ပြေးခဲ့ရသည်။ ထိုနေရာကို ယခုထိတိုင် လောင်းရှောင်ကုန်းဟု ခေါ်နေဆဲပင်ဖြစ်သည်။

ထိုညောင်ပင်ကြီးသည် အဝေးမှ မျှော်ကြည့်လျှင် အလွန်သာယာ၍ ဟသ်ာငှက်မောင်နှံသည် ထိုညောင်ကြီးတွင် အချိန်ကြာမြင့်စွာ နားနေခဲ့ကြသည်။ ထိုသည်အား အကြောင်းပြု၍ ရွှေဟသ်ာငှက် နားသည့် ရွာဖြစ်သောကြောင့် ရွှေဟသ်ာရွာဟု အမည်နာမ ခေါ်တွင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း(၄၈)အိမ်ရှိပြီး ကဒူးလူမျိုးများနေထိုင်ကြပါသည်။ အဓိက အသက်မွေးဂမ်းကျောင်းလုပ်ငန်းမှာ လယ်စပါးစိုက်ပျိုးခြင်း၊ မြေပဲစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းများ ဖြစ်ပါသည်။

## ၂။ ထူးခြားဖြစ်စဉ်



ထူးခြားဖြစ်စဉ်ပြဇယား

| စဉ် | အကြောင်းအရာ | နှစ် | ထိခိုက်မှု |
|---|---|---|---|
| ၁။ | မိုး၊ သီး၊ ကျ | ၂၀၀၂ | စိုက်ပျိုးသီးနှံပျက်စီး၊ အိမ်မိုးများ ပျက်စီး |
| ၂။ | လေထန်မှု | ၂၀၀၃ | အိမ်(၂)လုံးအမိုးလှန် |
| ၃။ | မိုးအားကြီး၊ ပေါ်ပိုးကျ | ၂၀၁၁ | စိုက်ပျိုးသီးနှံမဖြစ်ထွန်း၊ |
| ၄။ | မိုးခေါင်ခြင်း | ၂၀၁၃၊ ၂၀၁၄ | ပေါ်ထွက်နှုန်းလျော့၊ စားဝတ်နေရေး ကြပ်တည်းခဲ့ |

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၉ | ၈ | ၁၅ | ၂၃ |
| မြေယာမဲ့ | ၂ | ၅ | ၅ | ၁၀ |
| မသန်စွမ်း | ၃ | ၂ | ၁ | ၃ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကွဲ့ | စပါးအရောင်းအဝယ် | လက်သမား |
| မြေပဲ | နွား | ဈေးအရောင်းအဝယ် | ဆိုင်ကယ်ဝပ်ရှော့ |
| ကြက်သွန် | ဝက် | မြေပဲအရောင်းအဝယ် | |
| | ကြက် | ကြက်သွန်အရောင်းအဝယ် | |
| | | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၂ဧက | ၁၁၂ဧက | ၃၀၀ စတုရန်းပေ | ရှိ | ၇ / မရှိ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | မရှိ | မရှိ | ၃ | မရှိ | ၁ | ၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကွဲ့ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၄ | ၁၀ | ၄၆ | - | ၁၇၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၅၄ | ၂၉ | ၆ | ၂၀ | |
| | | | | | |

### ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁၊မရှိ | - | ၁၆ | ၅၇ | - | - |
| | | | | | | | |
| | | | | | | | |

### ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၁၅-၁-၁၅ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စများ | ၂၉ | ၂၆ | ၅၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၆-၁-၁၅ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၁၃ | ၁၅ | ၂၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/ Resource Map) | ၂၁-၁-၁၅ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၁၃ | ၁၅ | ၂၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၂၁-၁-၁၅ | အမျိုးသားများကော်မတီဝင်များ | ၈ | - | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၂၀-၁-၁၉ | အမျိုးသမီးများ | - | ၈ | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းမျ ား |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၂၁-၁-၁၉ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၂၉ | ၂၆ | ၅၂ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၁-၁-၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၁၃ | ၂၀ | ၃၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၁-၁-၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၉ | ၂၆ | ၅၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ပြဿနာ၊ အခွင့်အရေး၊ လက်ရှိအခြေအနေ နှင့် ပြောင်းလဲမှုညွှန်းကိန်း | ၂၀-၁-၁၉ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၈ | ၁၆ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၂၂-၁-၁၉ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၈ | ၁၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ**-၊ခြေတံရှည်၊သွပ်မိုး၊ပျဉ်ထောင်၊တိုင်အုတ်ခုံခံ<br>**မြေယာပိုင်ဆိုင်မှု**- ၄ဧကအထက်<br>**ကျွဲ၊ နွား**- ၇ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု**-ထွန်းစက်၊ ရေစုပ်စက်၊ TV။ စပါးကြိတ်စက်၊ ဆိုင်ကယ်၊ (အထက်တန်း၊ အလယ်တန်း ကျောင်းသားရှိ) | ၁၂ | ၂၅% |
| အလယ်အလတ် | **အိမ်အခြေအနေ**- ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ထရံကာ၊ ချေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု**- ၃ဧကနှင့် ၁၀ဧကကြား<br>**ကျွဲ၊ နွား**- ၄ကောင်<br>**အခြားပိုင်ဆိုင်မှု**-<br>လှည်း၊တီဗီ၊ဆိုင်ကယ်၊(အလယ်တန်းကျောင်းနေအရွယ်ကျောင်းသားရှိ) | ၂၂ | ၄၆% |
| နွမ်းပါး | **အိမ်အခြေအနေ**- ဝါးထရံကာ၊ သက်ကယ်မိုး၊ ကြမ်းခင်း၊ခြေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု**- ၂ ဧက<br>**ကျွဲ၊ နွား**- ၂ကော်<br>**အခြားပိုင်ဆိုင်မှု**-<br>(မူလတန်းကျောင်းကျောင်းနေအရွယ်ကလေးရှိ)၊ကျောင်းထားနိုင် | ၁၂ | ၂၅% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ**-၊ ဝါးထရံကာ၊ အင်ဖက်မိုး၊ အကာမလုံ<br>**မြေယာပိုင်ဆိုင်မှု**- မရှိ<br>**ကျွဲ၊ နွား**- မရှိ<br>**အခြားပိုင်ဆိုင်မှု**- ကျောင်းနေအရွယ်ကလေးရှိ ကျောင်းမထားနိုင် | ၂ | ၄% |
| **စုစုပေါင်း** | | **၄၈** | **၁၀၀%** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု-**တပိုတွဲလ လယ်မှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လ လယ် မှ စ၍ တော်သလင်းလအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပို့တွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။

**စိုက်ပျိုးရေး-** နယုန်လတွင် စပါးစိုက်ပျိုးရန် ပျိုးထောင်ကြပြီး ဝါဆိုလတွင် ကောက်စိုက်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ တစ်နေ့ဝင်ငွေ ၂၅၀၀ ကျပ်၊ တစ်လ ဝင်ငွေ ၇၅၀၀၀ ကျပ် နှင့် တစ်နှစ်ဝင်ငွေ ၆၀၀၀၀၀ ကျပ် ရရှိပါသည်။ မြေပဲစိုက်ပျိုးခြင်းကိုတပိုင်တနိုင်စိုက်ပျိုးကြပါသည်။ တစ်နှစ်ဂင်ငွေကျပ် ၇၀၀၀၀၀ ခန့်ရရှိပါသည်။ မိသားစုဂင်ငွေအဖြစ် တဘက်တလမ်းမှ အပိုဂင်ငွေရရှိပါသည်။

**မွေးမြူရေး-**မွေးမြူရေး လုပ်ငန်းများကို ရာသီ/မရွေးလုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်အတွက် ကျွဲ၊နွားများမွေးမြူကြပြီး အိမ်ခြေထက်ဂက်ခန့်မှာ ကြက်၊ဂက်များမွေးမြူကြပါသည်။

**နေ့စားလုပ်ငန်း-** ဝါဆို၊ဝါခေါင်လတွင် လယ်ယာလုပ်ငန်းခွင် များရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း နှင့် နတ်တော် လများတွင်စပါးရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ နေ့စားလုပ်ငန်းမှ တစ်နေ့ဝင်ငွေ ၄၀၀၀ ကျပ်၊ တစ်လ ဝင်ငွေ ၁၂၀၀၀၀ကျပ် နှင့် တစ်နှစ်ဝင်ငွေ ၅၀၀၀၀၀ ကျပ် ရရှိပါသည်။

**သဘာဝဘေးအန္တရာယ်** ။ ခြာက်များ ချောင်းများမှတောင်ကျချောင်းရေကြီးခြင်း၊ချောင်းရေလာခြင်းများကြောင့် ရံဖန်ရံခါ စပါးခင်းများရေလွှမ်းပါသည်။ လေပြင်းကျရောက် တတ်သည့်အခါလည်းရှိပါသည်။

**ဝမ်းစာဖူလုံမှု-** ဂါခေါင်၊တော်သလင်းလများတွင် စပါးကုန်ချိန်ဖြစ်၍ ဝမ်းစာရှားပါးမှုပြဿနာရှိပါသည်။

**အလုပ်သမားရှားပါးမှု-** အလုပ်သမားရှားပါးမှုမရှိပါ။ ပွင့်လင်းရာသီတွင် ရွှေ့ပြောင်းလုပ်သားသွားလာမှုရှိပါသည်။

**ပွဲတော်များ-**တန်ခူးလတွင် သင်္ကြန်ပွဲတော်ပြုလုပ်ပါသည်။ ဝါဆိုလတွင် သင်္ကန်းကပ်ပွဲတော်ရှိပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ရှိပါသည်။ တပေါင်းလတွင် အလှူပွဲများရှိပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

**လူနေထိုင်မှု ပုံစံ-** စီပွားရေးအဆင့် (၄) မျိုးရှိပြီး အများစုမှာ သွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်း၊ခြေတံရှည်အိမ်ဖြစ်ပြီးကျေးရွာတွင် စုစည်းစွာနေထိုင်ကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး-** ရွှေဟသ်ာကျေးရွာသည် ပင်လည်ဘူးမြို့၏မြောက်ဘက်တွင်တည်ရှိပြီး ပင်လည်ဘူးမြို့နယ်ဆုံး ဗန်းမောက်နယ်စပ်တွင်တည်ရှိပါသည်။ လူနေအိမ်ခြေများမှာ စုစည်းနေထိုင်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာကျေးရွာတွင်းလမ်း ၊ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရန် ခက်ခဲမှု ရှိကြောင်း တွေ့ရှိရပါသည်။ လမ်းမဆက်သွယ်ရေးမကောင်းသောကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် နောက်နေးမှုရှိပါသည်။

**ကျန်းမာရေး-**ကလေးမွေးဖွားခြင်းအတွက် အရပ်လက်သည်ရှိပါသည်။ကျေးရွာအုပ်စု အတွင်း ကျန်းမာရေးဌာနခွဲ ရှိပြီး ထိုဆေးခန်းတွင် ကျန်းမာရေးအတွက် ကုသမှုခံယူကြပါသည်။ အဓိကဆေးကုသမှုခံယူခြင်းကို ၊မံစီလေးစံပြကျေးရွာနှင့်ပင်လည်ဘူးမြို့ဆေးရုံ/ဆေးခန်းသို့သွားရောက်၍ဆေးကုသမှုခံယူရပါသည်။

**သောက်သုံးရေ-** ကျေးရွာတွင်းရှိ လက်တူးတွင်းနှင့် ပိုက်တွင်းများမှ ရေကို အသုံးပြုပါသည်။ နွေရာသီတွင်သောက်သုံးရေအခက်အခဲရှိသောကြောင့် **စီမံကိန်းဒုတိယနှစ်**တွင် **စိမ့်စမ်းရေပိုက်သွယ်ခြင်း**ဖြင့် ရယူအသုံးပြုပါသည်။

**အခြား-** ရွာ၏အရှေ့ဘက် ကုန်းမြင့်တွင် ဘုန်းကြီးကျောင်း၊ ဇရပ်နှင့်ဓမ္မာရုံ ရှိပါသည်။

## ၄။ ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



**သုံးသပ်ချက်**

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ-** ရွာပတ်ဝန်းကျင်ရှိသစ်တောများမှထင်းထုတ်ယူသုံးစွဲနိုင်ပါသည်။ ရွာ၏အရှေ့ဘက်နှင့် တောင်ဘက်တွင်ချောင်းရှိသော်လည်း လယ်မြေအများစုသည် မိုးရေနှင့်စိုက်ပျိုးရသည့်အတွက် မိုးခေါင်သောနှစ်များတွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။

ကျေးရွာ၏ ပတ်ပတ်လည်တွင်လယ်/ယာ မြေများရှိပါသည်။ ကျေးရွာဝန်းကျင်တွင် တောင်ကုန်းများရှိခြင်းကြောင့် တပိုင်တနိုင်တောင်ယာစိုက်ပျိုးခြင်းများ ပြုလုပ်ပြီး မိသားစုအတွက်ဂမ်းစာအတွက် ထောက်အပံ့ရရှိပါသည်။ သစ်တောအတွင်းမှ ဆေးဘက်ဂင်သစ်ဥသစ်ဖုများ၊ အင်ကြင်းစက်များ၊ပန်းရိုးများ၊ဆိုးဆေးလုပ်ငန်းသုံးသစ်ခေါက်များရရှိခြင်းကြောင့် ဂင်ငွေရရှိကြပါသည်။

**စီးပွားရေးလုပ်ကိုင်စားသောက်ရသောအရင်းအမြစ်-** ရွာ၏အရှေ့ဘက်တွင်ချောင်းရှိသည်။ လယ်/ယာ မြေများကို အသုံးပြု၍ စပါး၊နှမ်းနှင့် မြေပဲများကို အဓိကထားစိုက်ပျိုးကြပါသည်။

မြေပဲနှင့်ဟင်းသီးဟင်းရွက်ခြံများစိုက်ပျိုးလုပ်ကိုင်ကြပါသည်။တိုးချဲ့စိုက်ပျိုးရန်လိုအပ်ပါသေး သည်။

**အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ-** ရွာ၏အရှေ့ဘက်တွင်ချောင်းတောင်ဘက်ချောင်း ၊ စိုက်ပျိုးရေးအတွက်ရေရရှိပြီး တခါတရံရေးကြီးပါက လယ်ကွင်းများရေဖုံးလွှမ်းတတ်ပြီး စပါးသီးနှံပျက်စီးတတ်ပါသည်။ မိုးခေါင်ရေရှားမှုဖြစ်ခြင်းကြောင့် သီးနှံများဖြစ်ထွန်းမှုနည်းပါသည်။ စပါးအထွက်နှုန်းနည်းခြင်းကြောင့် အကြွေးတင်ရှိမှုများရှိလာပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိသောကြောင့် ထွက်ကုန်များအချိန်မှီ တင်ပို့မရောင်းချနိုင်ခြင်းကြောင့် ဂင်ငွေနည်းကြပါသည်။ ချောင်းရေနှင့် လယ်ယာမြေများကို အသုံးပြု၍ သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်ပါသည်။ နှစ်စဉ်ချောင်းရေတိုက်စားမှုရှိပြီး ကျေးရွာ တောင်ဘက်ချောင်းရေထိန်းနံရံပြုလုပ်ဆောင်ရွက်ရန်လိုအပ်နေပါသည်။

## ၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**အကြောင်းအရင်းများ/ အခက်အခဲများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းမကောင်းခြင်း | ၂ | ရေတွင်း၊ရေကန်လိုအပ်ခြင်း | ၃ | စာကြည့်တိုက်မရှိခြင်း။ |
| ၄ | ရွာတွင်းလမ်းမကောင်ခြင်း | ၅ | ကျောင်းအားကစားကွင်းမကေ ာင်းခြင်း | ၆ | စိုက်ပျိုးရေးနည်းပညာနည်း ပါးခြင်း |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းန ည်းပါးခြင်း | | | | |

**အကျိုးဆက်များ**

၁ စာသင်ကျောင်းမကောင်းခြင်းကြောင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း အပူအအေးမမျှတခြင်းကြောင့်ကျန်းမာရေးအတွက်စိုရိမ်ရခြင်း။

၂ သောက်သုံးရေ လွယ်ကူစွာမရရှိနိုင်ခြင်းကြောင့် အမျိုးသမီးများ ဝင်ငွေရှာချိန်နည်းပါးခြင်း။

၃ စာကြည့်တိုက်မရှိခြင်းကြောင့်လူကြီးလူငယ်ဗဟုသုတနည်းပါးခြင်း။

၄ ရွာတွင်းလမ်းမကောင်းခြင်းကြောင့် ကလေး၊လူကြီးသွာလာရေးခက်ခဲခြင်း ၊ဖွံ့ဖြိုးမှုအားနည်းခြင်း။

၅ အားကစားကွင်းမရှိခြင်းကြောင့်အားကစားပညာဖွံ့ဖြိုးမှုအားနည်းခြင်း။

၆ စိုက်ပျိုးရေးနည်းစနစ်များ မသိ၍ ထွက်နှုန်းများလျော့ခြင်း။

၇ အလုပ်အကိုင်နည်းပါးခြင်း။ ဂင်ငွေနည်းခြင်း။

**ဖြေရှင်းနည်းလမ်း**

၁ စာသင်ကျောင်းပြုပြင်ခြင်း။

၂ ရေတွင်း၊ရေကန်တည်ဆေ ာက်ခြင်း။

၃ စာကြည့်တိုက်ဆောက်ခြင်း။

၄ ကျေးရွာတွင်းကျောက်ချောလမ်း ခင်းခြင်း။

၅ အားကစားကွင်းပြုပြင်ခြင်။

၆ စိုက်ပျိုးရေးနည်းပညာသင်တန်းေ ပးခြင်း၊အိမ်တွင်းမှု လုပ်ငန်းသင်တန်း ကျေး/လက် ဦးစီးဌာန စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

၇ စိုက်ပျိုးရေးသင်တန်း

စိုက်ပျိုးရေးဌာနနှင့်

ချိတ်ဆက်ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**အကြောင်းအရင်းများ/ အခက်အခဲများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းမကောင်းခြင်း | ၂ | ရေတွင်းရေကန်မရှိခြင်း | ၃ | စာကြည့်တိုက်မရှိခြင်း။ |
| ၄ | ရွာတွင်းလမ်းမကောင်းခြင်း | ၅ | အားကစားကွင်းမကောင်းခြင်း | ၆ | မျိုးကောင်းမျိုးသန့်မရှိခြင်း။ |
| ၇ | စိုက်ပျိုးရေးနည်းစနစ်မသိခြင်း။ | ၈ | မွေးမြူရေးများကျယ်ပြန့်စွာ မပြုလုပ်နိုင်ခြင်း။ | ၉ | အလုပ်အကိုင် အခွင့်အလမ်းနည်းခြင်း။ |
| ၁၀ | အိမ်တွင်းလက်မှုပညာ အတတ်မြောက်ခြင်း | | | | |

**အကျိုးဆက်များ အကျိုးဆက်များ**

၁ စာသင်ကျောင်းမကောင်းခြင်းကြောင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း အပူအအေးမမျှတခြင်းကြောင့်ကျန်းမာရေးအတွက်စိုးရိမ်ရခြင်း။

၂ သောက်သုံးရေ လွယ်ကူစွာမရရှိနိုင်ခြင်းကြောင့် အမျိုးသမီးများ ဝင်ငွေရှာချိန်နည်းပါးခြင်း။

၃ စာကြည့်တိုက်မရှိခြင်းကြောင့်လူကြီးလူငယ်ဗဟုသုတနည်းပါးခြင်း။

၄ ရွာတွင်းလမ်းမကောင်းခြင်းကြောင့် သွားလာရေးခက်ခဲခြင်း၊

၅ အားကစားကွင်းမရှိခြင်းကြောင့်ကိုယ်ကာယဖွံ့ဖြိုးမှုအားနည်းခြင်း။

၆ အိမ်တွင်းလက်မှုပညာအားနည်းခြင်း

၇ မျိုးကောင်းမျိုးသန့်မရှိသဖြင့် သီးနှံအထွက်လျော့ကျခြင်း

၈ စိုက်ပျိုးရေးနည်းပညာမရှိခြင်းကြောင့် အကျိုးဖြစ်ထွန်းမှုနည်းခြင်း။

၉ အလုပ်အကိုင်အခွင့်အလမ်းနည်းခြင်း။ စီးပွားရေး နှောင့်နှေးခြင်း။ ဝင်ငွေနည်းခြင်း။

**ဖြေရှင်းနည်းလမ်း**

| | | | | | |
|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းပြုပြင်ခြင်း။ | ၂ | ရေတွင်း၊ရေကန်တည်ဆောက်ခြင်း။ | ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း။ |
| ၄ | ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၅ | အားကစားကွင်းပြုပြင်ခြင်း။ | ၆ | မွေးမြူရေးနည်းပညာသင်တန်းပေးခြင်း။ |
| ၇ | စိုက်ပျိုးရေးဌာနများနှင့်ချိတ်ဆက်ရန် | ၈ | အိမ်တွင်းလက်မှုပညာသင်တန်းပေးရန်အတွက် ကျေးလက်ဦးစီးဌာနများ နှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | | |

## ၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



**စီမံကိန်းပထမနှစ်တွင်** (စာသင်ကျောင်းပြုပြင်ခြင်း) ကို ထောက်ပံ့ငွေ (၆၇၂၀၀၀၀)ကျပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**စီမံကိန်းဒုတိယနှစ်တွင်-** အခက်အခဲလိုအပ်ချက်၊အုပ်စုကော်မတီသဘောတူညီချက်နှင့် ရံပုံငွေလိုအပ်ချက်ပေါ်မူတည်၍ ကျေးရွာ (၂) ရွာကိုသာအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ရွှေဟသာ်ကျေးရွာအနေဖြင့် ပထမနှစ် ရံပုံငွေလက်ကျန်နှင့် တကွထောက်ပံ့ငွေ (၂၀၇၅၉၆၄၅)ကျပ်ဖြင့် **စာသင်ကျောင်းပြုပ်ခြင်း၊ စာသင်ကျောင်းအိမ်သာတည်ဆောက်ခြင်း၊ စာကြည့်တိုက်ဆောက်လုပ်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း** စသည့်လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

**စီမံကိန်းတတိယနှစ်တွင်- နောင်ကန်ကျေးရွာမှ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်းရွက်မည်ဖြစ်ပါသည်၊**

**စတုတ္တနှစ်တွင်** - ပင်းမုကျေးရွာမှ **ကျေးရွာတွင်းကျောက်ချောလမ်း**ခင်းရန် အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

## ၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာလူထုနှင့် အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ သက်ကြီးရွယ်အိုအဖွဲ့ ၊ ၊ပြည်သူ့ကာကွယ်ရေး၊ သမဂါယမအဖွဲ့ အမျိုးသား၊အမျိုးသမီးများအဖွဲ့၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဂေါပက၊ ဓမ္မစကြာအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကျေးရွာအကျိုးပြုလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများ

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အနေအထားမှာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ၊ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း ၊တိ/မွေးကု၊သစ်တော၊သမ၊၊ စိုက်ပျိုးရေး ၊မြေစာရင်းဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်မှုရှိပြီး ကျေးရွာသား များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သောအကူအညီ တောင်းခံမှုမှာ မရှိသလောက်နည်းပါး ပါသည်။

### အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကော်မတီသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။
အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၅.၁၁.၂၀၁၆**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ | √ | | |

| | | | | |
|---|---|---|---|---|
| | အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

၉။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

### ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု

-ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု တွင် အမျိုးသမီးများက အမျိုးသားများထက်ပို၍ ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ပူးပေါင်းပါဝင်မှု အဆင့်တိုးရန်လိုအပ်နေပါသေးသည်။

### ဝင်ငွေရရှိမှု

- အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၁)အောက်သာ ရောက်ရှိနေပြီး အမျိုးသားများသာ ဝင်ငွေပိုရရှိနေသည့် အနေအထားတွေ့ရပါသည်။
- အမျိုးသားများက အပြင်ထွက်စီးပွားရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။
- ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

### အလုပ်အကိုင်အခွင့်အလမ်း

- အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင်အမျိုးသားများကအမျိုးသမီးများထက်အနည်းငယ်ပိုမိုနေပြီး စိုက်ပျိုးရာသီပြီးချိန်အမျိုးသားများကရွှေကျင်းများသို့ သွား ရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။

### ပညာတတ်မြောက်မှု

- ရှေးဟောင်းကျေးရွာအနေဖြင့်ပညာသင်ကြားခွင့်နှင့်ပညာတတ်မြောက်မှုတွင် အမျိုးသမီးများ ပိုအခွင်အရေးရရှိသည်ကိုတွေ့မြင်ရပါသည်။
- ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အခြေခံ ပညာရေးကို လက်လှမ်းမှီသည့် အနေအထား ရှိပါသည်။

### အရင်းအမြစ်အပေါ်လက်လှမ်းမှီမှု

- အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာ အမျိုးသားများ သာနေတာတွေ့ရပါသည်။
- အကြောင်းမှာ တောတောင်များအမှီပြု၍ လုပ်ဆောင်သော လုပ်ငန်းများက အမျိုးသမီးထက်အမျိုးသားများက ပို၍ လုပ်ကိုင်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။

### ဆုံးဖြတ်ချက်ချမှု

- အမျိုးသမီးများအား အလေးထားမှု နည်းပါးခြင်းကြောင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းများတွင် အားနည်းနေမှုများရှိပါသည်။ ထို့ကြောင့် အမျိုးသမီးများအား အလေးထားမှုများ ပိုမိုပြုလုပ်ပေးသင့်ပါသည်။ သို့မှသာတန်းတူအခွင့်အရေးရရှိမည်ဖြစ်ပါသည်။

### ရပ်ရေးရာရေးတွင် ခေါင်းဆောင်မှု

ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် အနည်းငယ် ကွာဟမှုရှိနေပြီးတန်းတူမှုမရရှိသေးပါ။ ထို့ကြောင့် အမျိုးသမီးများအား နေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာယူထားပြီး အမျိုးသမီးများကလည်း နေရာယူ တတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေပါသေးသည်။

၁၀။ ပြဿနာ၊ အခွင့်အရေး၊ လက်ရှိအခြေအနေ နှင့် ပြောင်းလဲမှုညွှန်းကိန်း နှင့် အနှစ်ချုပ်



၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြင့်လာမည်။ ကျေးရွာချင်းဆက်လမ်းများလည်း ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြင့်လာမည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍများတွင် တိုးတက်ကောင်းမွန်လာမည်။

ကျေးရွာခန်းမဆောင်များတည်ဆောက်ပြီးစီး၍ အစည်းအဝေးပွဲများ သာရေးနာရေးပွဲများကို ကျယ်ဝန်းလွတ်လပ်စွာ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

မူလွန်ကျောင်းရှိလာပြီး ပညာရေးဖွံ့ဖြိုးတိုးတက်လာမည်။ ကလေးများ ကျောင်းတက်ရလွယ်ကူလာမည်။

ကျေးရွာတွင်စာကြည့်တိုက်ရှိလာ၍ အသိပညာဗဟုသုတများ တိုးတက်လာမည်ဖြစ်သည်။ ကျောင်းတွင် ခြံစည်းရိုးများ တည်ဆောက်ပေးနိုင်၍ စာသင်ကြားရာတွင်လုံခြုံမှုရှိလာမည်။

မူကြိုကျောင်းရှိလာပြီး ကလေးငယ်များအသိညဏ်ဖွံ့ဖြိုးတိုးတက်လာမည်။ ကလေးများကျောင်းအပ်နှံရာတွင် အဆင်ပြေလာပါမည်။ မိဘများလည်း ကလေးထိန်းသက်သာပြီး ဂင်ငွေရှာချိန် များလာပြီး စားဂတ်နေရေး အဆင်ပြေလာပါသည်။

ရေတွင်း၊ရေကန်များပေါများလာပြီး အမျိုးသမီးများ ဝင်ငွေရှာချိန် ရရှိလာပါသည်။

ယခင်ကထက်ပို၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ နည်းပညာအကူအညီများ ရရှိရန် ချိတ်ဆက်ဆောင်ရွက်တက်လာမည်။

ကျေးရွာမျှော်မှန်းချက် လေ့ကျင့်ခန်းမှ ရရှိလာသော ရလဒ်

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | ကျေးရွာတွင်းလမ်းများကောင်းမွန်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ တိုးတက် ကောင်းမွန်လာရမည်။ မူကြိုကျောင်းဖြစ်ပေါ်လာပြီး ကျေးရွာအမျိုးသမီးများဝင်ငွေရှာဖွေ လာနိုင်ကာ မိသားစုဝင်ငွေတိုးလာကြမည်။ စိုက်ပျိုးရေးနည်းပညာများ၊ မွေးမြူရေးနည်းပညာများ၊ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းနည်းပညာများ၊ စက်ပြင်မှုအတတ်ပညာများ တက်မြောက်လာမှုကြောင့်ဝင် ငွေအခွင့်အလမ်းရရှိကာ စီးပွားရေးများတိုးတက်၍ လူနေမှုအဆင့်အတန်းများ မြင့်မားလာရမည်။ |
| အနာဂတ်တွင် ကျေးရွာပိုမိုဖွံ့ဖြိုး တိုးတက်ရန် ကျေးရွာသားများ ၏ မျော်မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်း၏လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကို အသုံးချ၍ ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာအောင်ကျေးရွာတွင်းကျောက်ချောလမ်းအဆင့်ဖြစ်ချင်ပါသည်။ကျေးရွာရှိ လူငယ်လူရွယ်များလမ်းမှားသို့မရောက်စေရေးအတွက် ကျေးရွာစာကြည့်တိုက်တစ်ခုတည်ရှိချင်ပါသည်။ ကျေးရွာတွင်းလမ်းများကောင်းမွန်ပြီး ကျေးရွာတွင်းသန့်ရှင်းလာကာ ကျေးရွာဖွံ့ဖြိုးလာမည်။<br>စီမံကိန်းမှ အကောင်အထည်မဖော်နိုင်သော လုပ်ငန်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများ နှင့် ချိတ်ဆက်လုပ်ကိုင်မှုများပြုလုပ်မည်။စက်ရေတွင်းတူးဖော်ပြီးလျှပ်စစ်ဖြင့်ရေတင်ကာ တစ်ရွာလုံးသို့သန့်ရှင်း သောသောက်သုံးရေ ရရှိစေရန် ရေပိုက်လိုင်းဖြင့်ဖြန့်ဝေပေးမည်။ မြို့နယ်အတွင်းသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာလိုအပ်ချက်များကိုတင်ပြ၍ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည်။ကျေး ရွာအတွင်းရှိမသန်စွမ်းသူများအတွက်ထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်။ |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စုမှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု မှတ်တမ်းဓါတ်ပုံ



၂

ထိခိုက်လွယ်သောအုပ်စု မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းရွေးချယ်မှု  မှတ်တမ်းဓါတ်ပုံ




ကော်မတီဝင်များရွေးချယ်မှု  မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းမှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းမပြုလုပ်မှီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းလုပ်နေစဉ် မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်ဝင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်ခင်မာဌေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးမောင်ငြိမ်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဦးခိုင်မာဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်အေးဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးအောင်ရွှေဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဦးပွားရွှေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်ဌေးဝင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးတင်ထွန်းအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ ဥက္ကဌ |
| ၁၀ | ဒေါ်ချမ်းရင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်စန်းစန်းဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးအောင်မြင့်ရွှေ | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၃ | ဒေါ်ခင်မာအေး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဦးဝင်းဇော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်သီတာဌေး | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးဆန်းလွင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးမောင်ဝင်း　　အုပ်စု စီ/ထောက်ကော်မတီ ။ ဥက္ကဌ

ဒေါ်ခင်မာဌေး　　အုပ်စုစာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နန်းမြတ်မွန်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ........../............./..................

## ၄။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ-၁ - ကျေးရွာ အချက်အလက် (FORM PC 1)

လမ်းညွှန်ချက်/ ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်စရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ရာအိမ်မှူးအမည် ဦးလွန်းကောင် | ဖုန်း | စည်းရုံးရေးမှူးအမည် | |
|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ပင်းမှ | ကျေးရွာ ရွှေတသော် |

(က) လူဦးရေ

| တိုင်းရင်းသား | အိမ်ထောင်စုပေါင်း |
|---|---|
| ၁။ ကဒူး | ၄၆ |
| ၂။ ရှမ်း | ၂ |
| ၃။ | |
| ၄။ အခြားတိုင်းရင်းသား လူမျိုးရောများ | |

| ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုပေါင်း |
|---|---|
| ၁။ ဗုဒ္ဓ | ၄၈ |
| ၂။ | |
| ၃။ | |
| ၄။ | |

| | ကျား (အရေအတွက်) | မ (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၅၅ | ၁၅၂ |
| အိမ်ထောင်ဦးစီး | ၃၂ | ၁၆ |

(ခ) ကျေးရွာရှိ အခြေခံ အဆောက်အအုံ (Facilities)

| ပညာရေး | ရှိပါ | ကျန်းမာရေး | ရှိပါ | ဘာသာရေး | ရှိပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုရား/စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ဘုရားကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| ပညာရေး | နေထိုင် | လည်ပတ် | ကျန်းမာရေး | နေထိုင် | လည်ပတ် | တည်ဆောက်ရေး | နေထိုင် | လည်ပတ် |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/ဆရာမ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အလယ်တန်းပြဆရာ/ဆရာမ | ☐ | ☑ | လ/ထကျန်းမာရေးမှူး | ☐ | ☐ | ပန်းရန် | ☑ | ☐ |
| အထက်တန်းပြဆရာ/ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☐ |
| မူကြိုဆရာ/ဆရာမ | ☐ | ☐ | အရံသားဖွား | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား ၁/၂ | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း / ကတ္တရာလမ်း / ကွန်ကရစ်လမ်း / မော်တော်ဆိုင်ကယ်လမ်း ✓

ကျောက်ခင်းလမ်း / မြေသားလမ်း ✓ / လူသွားလမ်း ✓ / အခြား ______

(င) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (Village Development Plan) (အမှန်ခြစ်ပါ)

(၁) လူထုစဟိုပြုစီမံကိန်း မတိုင်မီက ကျေးရွာစီမံကိန်း ရှိသလား ရှိ/ မရှိ/ မသိ

(၂) ရှိလျှင် မည်သည့်နှစ်က ရေးဆွဲခဲ့သလဲ ______ နှစ်/ မသိပါ

(၃) မြို့နယ်အတည်ပြုချက် ရရှိထားသလား ရှိ/ မရှိ/ မသိ

(စ) ခရီးအကွာအဝေး (Distance)

(၁) ရွာ (အလယ်) မှ ကျေးရွာအုပ်စု (အလယ်) အကွာအဝေး မိုင်/ဖာလုံ ______ /မသိပါ

(၂) ဤရွာနှင့် ကျေးရွာအုပ်စုရွာ (အလယ်) သွားချိန်

ခြောက်သွေ့ရာသီ - ထော်လာဂျီ/ ဆိုင်ကယ်/ မြေလျှင် /မြည်း/ လှေ/ အခြား ______ ( : ၁၀ ) နာရီ မိနစ်

မိုးရာသီ - ထော်လာဂျီ/ဆိုင်ကယ်/မြေလျှင်/မြည်း/လှေ/အခြား ______ ( : ၂၀ ) နာရီ မိနစ်

(ဆ) သဘာဝဘေး ဤကျေးရွာတွင် ကြေးခြင်းကဲ့သို့သော သဘာဝဘေး ကျရောက်ခဲ့မှု

☐ မရှိ ☐ ရှိ (ဖော်ပြရန်) ______

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုစဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

................................................................................

